**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စီမံကိန်းဦးစီးဌာန**

**ဈေးကွက်သတင်းဌာနစိတ်**

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ

# အစီရင်ခံစာ တင်ပြခြင်း

## (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

ရက်စွဲ ၊ ၁၃ -၉ -၂၀၂၁

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယအများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။

**ဇယား (၁) - ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**

**၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၁ (စက်တင်ဘာလ ၃ ရက်အထိ)**

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၂၀-၂၀၂၁ (စက်တင်ဘာလ ၃ ရက် ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၄၂၂.၁၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၆၀ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၂၄.၁၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၄၆.၉၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၁၇.၉၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၇၉.၀၈ | ၆၈၆၆.၁၇ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၄၈၅.၁၂၉ |
| | စုစုပေါင်း | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၆၂.၉၈ | ၁၃၄၈၁.၀၆ |

## ရည်ရွယ်ချက်


၃။ (က) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၁၁၃၆.၈၇၈) သန်းရှိခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ (၁၇၆၆၂.၉၈) သန်းထိ ရှိလာခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် (၅၉%) တိုးတက်လာခဲ့ကြောင်း သိရသည်။

၅။ မြန်မာ့လယ်ယာထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၆၁၅.၇၇၄) သန်းရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၂၃%) ရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၇၂၅.၆၉၈) သန်းထိ ရှိလာခဲ့သည့်အတွက် တန်ဖိုးအားဖြင့် တိုးတက်ပါသော်လည်း ပါဝင်မှုမှာ စုစုပေါင်းပို့ကုန် တန်ဖိုး၏ (၂၁%) သာ ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်းအားဖြင့် ကျဆင်းလာခဲ့ကြောင်းသိရသည်။




**ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်**

၆။ သို့ဖြစ်၍ ၂၀၁၅-၁၆ မှ ၂၀၁၉-၂၀ ထိ (၅) နှစ်တာကာလအတွင်း လယ်ယာထွက်ကုန်ပို့ကုန် တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၁၁၀၉.၉၂) သန်း တိုးတက်ရရှိခဲ့သော်လည်း နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးမှာလည်း သိသိသာသာတိုးမြင့်လာခဲ့သည့်အတွက် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၂)% ကျဆင်းသည်ကို တွေ့ရသည်။


၇။ ၂၀၂၁၊ စက်တင်ဘာလ (၃) ရက်ထိ စာရင်းများအရ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၃၄၈၁.၀၆) သန်းထိ ရှိသည့်အနက် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၄၄၂၂.၁၁) သန်းထိ ပါဝင်ခဲ့ရာ၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၃၃)% ထိ တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

၈။ အစီရင်ခံကာလအတွင်း တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၈.၆) သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၇၂၄.၁၁) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း) တင်ပို့မှုမှ ပို့ကုန်တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ(၅၁၆၄.၈၂၂) သန်း ရှိပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၃၈)% ထိ ရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။

**ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား**

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ (ယာယီ) | ၂၀၂၀-၂၁ (၃-၉-၂၀၂၁) |
|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၃% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၁% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




**ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်**

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၉။ ပြီးခဲ့သည့်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ် (၃-၉-၂၀၂၁) အထိ အမေရိကန်ဒေါ်လာ (၁၃,၄၈၁.၀၆၃) သန်းရှိရာ ယခင်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ (၁၆,၆၇၄.၉၀၈) သန်းရှိခဲ့သည့်အတွက် ယခင်နှစ်အောက် အမေရိကန်ဒေါ်လာ (-၃၁၉၃.၈၄၅) သန်း/ (-၁၉.၁၅) % ခန့် လျော့နည်းကျဆင်းခဲ့ကြောင်း တစ်ဖက်ပါဇယား (၃) အရ သိရသည်။

**ဇယား (၃) - ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (ပင်လယ်ရေကြောင်း၊ နယ်စပ်) နှိုင်းယှဉ်မှုအခြေအနေ**

အမေရိကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စက်တင်ဘာလ (၃) ရက်ထိ (ယာယီ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စက်တင်ဘာလ (၃) ရက်ထိ | | | နှိုင်းယှဉ်ချက် (+)/(-) | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | ပေါင်း |
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၆၉၆.၁၆၆ | ၂၇၂၅.၉၄၁ | ၄၄၂၂.၁၀၇ | ၁၇၉၆.၉၁၈ | ၁၇၅၇.၈၀၅ | ၃၅၅၄.၇၂၃ | -၁၀၀.၇၅၂ | ၉၆၈.၁၃၆ | ၈၆၇.၃၈၄ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၃.၈၉၅ | ၁၄.၇၀၆ | ၁၈.၆၀၁ | ၃.၅၈၄ | ၉၀.၅၆၁ | ၉၄.၁၄၅ | ၀.၃၁၁ | -၇၅.၈၅၅ | -၇၅.၅၄၄ |
| ၃ | ရေထွက်ပစ္စည်းများ | ၃၅၇.၅၂၃ | ၃၆၆.၅၉၁ | ၇၂၄.၁၁၄ | ၃၁၀.၉၈၉ | ၄၈၄.၇၁၆ | ၇၉၅.၇၀၅ | ၄၆.၅၃၄ | -၁၁၈.၁၂၅ | -၇၁.၅၉၁ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၉၇.၉၃၄ | ၄၉.၀၂ | ၈၄၆.၉၇၄ | ၁၃၆၃.၈၇၄ | ၃၆၁.၄၀၂ | ၁၇၂၅.၂၇၆ | -၅၆၅.၉၂ | -၃၁၂.၃၈၂ | -၈၇၈.၃၀၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၁၃.၇၄၆ | ၄.၂၂၁ | ၁၁၇.၉၆၇ | ၁၃၅.၈၈၃ | ၃.၆၁၁ | ၁၃၉.၄၉၄ | -၂၂.၁၃၇ | ၀.၆၁ | -၂၁.၅၂၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၃၅၉.၃၄၄ | ၂၅၀၆.၈၂၇ | ၆၈၆၆.၁၇၁ | ၅၆၉၆.၉၉၉ | ၃၇၄၁.၂၇၈ | ၉၄၃၈.၂၇၇ | -၁၃၃၇.၆၅၅ | -၁၂၃၄.၄၅၁ | -၂၅၇၂.၁၀၆ |
| ၇ | အခြားပစ္စည်း | ၂၉၄.၁၈၂ | ၁၉၀.၉၄၇ | ၄၈၅.၁၂၉ | ၃၈၁.၅၉၈ | ၅၄၅.၆၉ | ၉၂၇.၂၈၈ | -၈၇.၄၁၆ | -၃၅၄.၇၄၃ | -၄၄၂.၁၅၉ |
| | စုစုပေါင်း | ၇၆၂၂.၈၁ | ၅၈၅၈.၂၅၃ | ၁၃၄၈၁.၀၆၃ | ၉၆၈၉.၈၄၅ | ၆၉၈၅.၀၆၃ | ၁၆၆၇၄.၉၀၈ | -၂၀၆၇.၀၃၅ | -၁၁၂၆.၈၁ | -၃၁၉၃.၈၄၅ |


၁၀။ လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပို့ကုန်အနေဖြင့်မူ အမေရိကန်ဒေါ်လာ (၄၄၂၂.၁၁) သန်း (ရေကြောင်း ၁၆၉၆.၁၆၆ သန်းနှင့် နယ်စပ် ၂၇၂၅.၉၄ သန်း) ရှိခဲ့ပြီး၊ ယခင်နှစ်၊ အလားတူကာလတွင် လယ်ယာထွက်ကုန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၅၅၄.၇၂) သန်း (ရေကြောင်း ၁၇၉၆.၉၁၈ သန်းနှင့် နယ်စပ် ၁၇၅၇.၈၀၅ သန်း) သာရှိခဲ့သည့်အတွက် လယ်ယာထွက်ကုန်များအား ပင်လယ်ရေကြောင်းမှတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၁၀၀.၇၅) သန်းခန့် လျော့နည်းကျဆင်းခဲ့သော်လည်း နယ်စပ်ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာ (၉၆၈.၁၃၆) တိုးမြင့်လာခဲ့သည့်အတွက် စုစုပေါင်းလယ်ယာထွက်ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ (၈၆၇.၃၈) သန်းခန့် တိုးတက်ရရှိခဲ့သည်။

၁၁။ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ကုန်ပို့ကုန် ပါဝင်မှုရာခိုင် နှုန်းအနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၃၂.၈%) ရှိလာခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၂၁%) ဝန်းကျင်သာ ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်လည်း (၁၁)% တိုးတက်ခဲ့သည်ကို တွေ့ရှိ ရသည်။

ဇယား (၄) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ


(ဒေါ်လာသန်း)

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရိစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | လယ်ယာထွက်ပစ္စည်း ရာခိုင်နှုန်း | လယ်ယာကဏ္ဍပို့ကုန် ရာခိုင်နှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၀-၂၁ (၃-၉-၂၀၂၁) | ၄၄၂၂.၁၁ | ၁၈.၆ | ၇၂၄.၁၁ | ၈၄၆.၉၇ | ၁၁၇.၉၇ | ၆၈၆၆.၁၇ | ၄၈၅.၁၃ | ၃၂.၈% | ၃၈.၃% | ၁၃၄၈၁.၀၆ |
| ၂၀၁၉-၂၀ (၃-၉-၂၀၂၀) | ၃၅၅၄.၇၂ | ၉၄.၁၅ | ၇၉၅.၇၁ | ၁၇၂၅.၂၈ | ၁၃၉.၄၉ | ၉၄၃၈.၂၈ | ၉၂၇.၂၉ | ၂၀% | ၂၆.၇% | ၁၆၆၇၄.၉၁ |
| တိုး(+)/ လျော့(-) | ၈၆၇.၃၈ | -၇၅.၅၄ | -၇၁.၅၉ | -၈၇၈.၃ | -၂၁.၅၃ | -၂၅၇၂.၁၁ | -၄၄၂.၁၆ | ၁၁% | ၁၁.၇% | -၃၁၉၃.၈၅ |




ပုံ (၃)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၁၂။ တိရစ္ဆာန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများပါဝင်သည့် လယ်ယာကဏ္ဍာတစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၃-၉-၂၀၂၁) ရက်ထိ အမေရိကန်ဒေါ်လာ (၅,၁၆၄.၈၂၂) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် အမေရိကန်ဒေါ်လာ (၄,၄၄၄.၅၇) သန်းသာ ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇၂၀.၂၄၉) သန်းခန့်တိုးတက်ရရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍာပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့်လည်း လက်ရှိဘဏ္ဍာနှစ်တွင် (၃၈)% ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၂၇%) ဝန်းကျင်သာ ရှိခဲ့သည့်အတွက် ပါဝင်မှု% အနေဖြင့်လည်း (၁၁)% ကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရသည်။




၂၀၁၉-၂၀ (၃-၉-၂၀၂၀) ထိ

၂၀၂၀-၂၁ (၃-၉-၂၀၂၁) ထိ

ပုံ (၄)-လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်ရာခိုင်နှုန်း နှိုင်းယှဉ်ပြဂရပ်


## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၄၆၆.၂၁၁) သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၆၄.၄၄၃) သန်း၊ ပြောင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၅၃၂.၆၁၄) သန်း၊ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၃၁၉.၈၇၅) သန်း နှင့် ရာဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၄၂၈.၀၅၈) သန်း အသီးသီးရရှိ ထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁၀၁၀.၉၀၆) သန်း ရရှိထားကြောင်း သိရှိရသည်။

**ဇယား (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား**

**ဒေါ်လာသန်း**

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆–၁၇ (ဧပြီမှ မတ်) | ၂၀၁၇–၁၈ (ဧပြီမှ မတ်) | ၂၀၁၈(Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈–၁၉ (အောက်မှ စက်) | ၂၀၁၉–၂၀ (အောက် မှ စက်) | ၂၀၂၀–၂၁ (၃–၉–၂၀၂၁) |
|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆၂ | ၁၁၄၂.၃၉၈ | ၃၉၀.၉၀၈ | ၇၀၉.၆၉၂ | ၇၉၄.၃၈၇ | ၆၆၄.၄၄၃ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၀၅ | ၈၈၆.၇၂၀ | ၃၉၇.၆၀၅ | ၁၀၂၆.၃၀၆ | ၁၁၉၅.၈၀၇ | ၁,၄၆၆.၂၁ |
| ၃ | ပြောင်း | ၂၅၂.၅၉၀ | ၂၉၄.၅၀၁ | ၈၄.၃၇၁ | ၂၇၇.၀၈၀ | ၃၆၈.၃၇၁ | ၅၃၂.၆၁ |
| ၄ | နှမ်း | ၁၄၅.၆၉၄ | ၁၄၇.၀၆၃ | ၃၆.၄၄၃ | ၁၉၃.၆၂၃ | ၂၇၉.၃၈၈ | ၃၁၉.၈၈ |
| ၅ | ရာဘာ | ၁၉၇.၃၅၇ | ၁၉၃.၇၄၅ | ၈၈.၃၅၈ | ၂၅၇.၇၅၂ | ၂၆၄.၄၄၂ | ၄၂၈.၀၅၈ |
| ၆ | အခြား | ၃၇၉.၅၉၃ | ၄၂၂.၆၉၆ | ၂၈၁.၀၇၄ | ၇၉၇.၁၃၉ | ၈၂၃.၃၀၄ | ၁၀၁၀.၉၀၆ |
| | **စုစုပေါင်း** | **၂၉၂၈.၁၀၁** | **၃၀၈၇.၁၂၃** | **၁၂၇၈.၇၅၉** | **၃၂၆၁.၅၉၁** | **၃၇၂၅.၆၉၈** | **၄,၄၂၂.၁၁** |




**ပုံ (၅) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်**


## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ

၁၃။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၃-၉-၂၀၂၀) မှ (၃-၉-၂၀၂၁) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၉%)နှင့် တန်ဖိုးအနေဖြင့် (၁၃%) လျော့နည်းခဲ့သော်လည်း နှမ်းအနေဖြင့် တန်ချိန် (၅၉%) နှင့် တန်ဖိုး (၃၂%)၊ ပဲအမျိုးမျိုးတွင် တန်ချိန် (၂၃%) နှင့် တန်ဖိုး (၂၇%)၊ ပြောင်းအနေဖြင့် တန်ချိန် (၁၇%) နှင့် တန်ဖိုး (၄၅%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၄၈%) နှင့် တန်ဖိုး (၈၁%) စီ တို့ အသီးသီး တိုးတက်ရရှိခဲ့ကြောင်း အောက်ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။


## ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၉-၂၀ ဘဏ္ဍာနှစ် | ကာလတူ(၃-၉-၂၀၂၁ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | ရာခိုင်နှုန်း |
| လယ်ယာထွက်ပစ္စည်း | | | | ၄,၄၂၂.၁၁ | ၃,၅၅၄.၇၂ | ၈၆၇.၃၈ | ၂၄% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၇၉၄.၃၉ | ၆၆၄.၄၄ | ၇၆၂.၈၀ | (၉၈.၃၅) | -၁၃% |
| | | တန်ချိန် | ၂,၅၈၆,၃၇၉ | ၁,၇၆၄,၅၅၇ | ၂,၄၉၆,၃၇၉ | (၇၃၁,၈၂၂) | -၂၉% |
| | (က) ဆန် | US$ | ၅၂၇.၉၆ | ၄၁၁.၁၇ | ၅၀၉.၉၆ | (၉၈.၇၉) | -၁၉% |
| | | တန်ချိန် | ၁,၆၀၉,၉၄၅ | ၁,၀၁၆,၂၆၀ | ၁,၅၆၅,၀၉၆ | (၅၄၈,၈၃၆) | -၃၅% |
| | (ခ) ဆန်ကွဲ | US$ | ၂၆၆.၄၃ | ၂၅၃.၂၇ | ၂၅၂.၈၄ | ၀.၄၄ | ၀% |
| | | တန်ချိန် | ၉၇၆,၄၃၄ | ၇၄၈,၂၉၇ | ၉၃၁,၂၈၃ | (၁၈၂,၉၈၆) | -၂၀% |
| ၂ | ပဲအမျိုးမျိုး | US$ | ၁,၁၉၅.၄၈ | ၁,၄၆၆.၂၁ | ၁,၁၅၀.၉၅ | ၃၁၅.၂၆ | ၂၇% |
| | | တန်ချိန် | ၁,၆၀၆,၁၄၇ | ၁,၉၀၀,၂၈၂ | ၁,၅၅၁,၀၀၀ | ၃၄၉,၂၈၂ | ၂၃% |
| ၃ | ပြောင်း | US$ | ၃၆၈.၃၇ | ၅၃၂.၆၁ | ၃၆၇.၄၅ | ၁၆၅.၁၆ | ၄၅% |
| | | တန်ချိန် | ၂,၂၂၂,၀၂၉ | ၂,၅၉၇,၈၆၂ | ၂,၂၁၇,၄၈၃ | ၃၈၀,၃၇၉ | ၁၇% |
| ၄ | နှမ်း | US$ | ၂၇၉.၃၉ | ၃၁၉.၈၈ | ၂၄၂.၄၁ | ၇၇.၄၇ | ၃၂% |
| | | တန်ချိန် | ၁၇၅,၈၄၁ | ၂၃၉,၉၇၉ | ၁၅၀,၇၀၂ | ၈၉,၂၇၇ | ၅၉% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၆၄.၄၄ | ၄၂၈.၀၆ | ၂၃၆.၉၁ | ၁၉၁.၁၅ | ၈၁% |
| | | တန်ချိန် | ၂၁၃,၄၁၃ | ၂၈၈,၆၃၈ | ၁၉၅,၆၀၈ | ၉၃,၀၃၀ | ၄၈% |
| ၆ | အခြားသီးနှံ | | | ၁,၀၁၀.၉၁ | ၇၉၄.၂၀ | ၂၁၆.၇၀ | ၂၇% |




ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဇယား- ဒေါ်လာသန်း




ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဇယား

၁၅။ ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် ပဲတီစိမ်းမှာ တန်ချိန် (၆၅၃၂၀၃)၊ တန်ဖိုးဒေါ်လာ (၅၀၈.၉၅) သန်း ဖြင့်အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ မတ်ပဲမှာ မက်ထရစ်တန် (၅၉၉၉၈၃)၊ တန်ဖိုးဒေါ်လာ (၄၆၂.၀၇) သန်းဖြင့် ဒုတိယအများဆုံးတင်ပို့နိုင် ခဲ့ပါသည်။ ပဲစဉ်းငုံမှာ တန်ချိန် (၁၉၁၉၆၃)၊ တန်ဖိုး (၁၂၈.၁၈) သန်းတို့ဖြင့် တန်ချိန်အားဖြင့် တတိယ အများဆုံး၊ တန်ဖိုးအားဖြင့် စတုတ္ထအများဆုံးအဖြစ်လည်းကောင်း၊ မြေပဲဆန်တင်ပို့မှုမှာလည်း တန်ချိန် (၁၅၈၂၇၁)၊ တန်ဖိုး (၁၈၈.၂၈) သန်းရရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် တတိယ အများဆုံးဖြစ်သော်လည်း တန်ချိန်အားဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။


၁၆။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၃-၉-၂၀၂၀) မှ (၃-၉-၂၀၂၁) ထိ မတ်ပဲ တန်ချိန်ပေါင်း (၄%) တိုးတက်တင်ပို့နိုင်ခဲ့ပြီး၊ တန်ဖိုးအားဖြင့်အနေဖြင့် (၅%)၊ ပဲတီစိမ်း တန်ချိန် (၂၅%) နှင့် တန်ဖိုး (၂၉%)၊ ပဲစဉ်းငုံ တန်ချိန် (၂၈၀%) နှင့် တန်ဖိုး (၃၅၂%)၊ မြေပဲဆန် တန်ချိန် (၇၄%) နှင့် တန်ဖိုး (၅၅%) စီ အသီးသီး တိုးတက်ရရှိခဲ့ကြောင်း ဖော်ပြပါ အချက် အလက်များအရ သိရှိရသည်။


# ဇယား (၇) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် | ကာလတူ (အောက်တိုဘာလ ၁ ရက် မှ စက်တင်ဘာလ ၃ ရက်နေ့ထိ ) | | |
|---|---|---|---|---|---|---|
| | | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် |
| | **ပဲအမျိုးမျိုး** | **US$** | **၁၁၉၅ .၈၀၇** | **၁၄၆၆ .၂၁၁** | **၁၁၅၀ .၉၅၂** | **၃၁၅ .၂၅၉** |
| | | **တန်ချိန်** | **၁၆၀၆၃၆၁ .၉၃၂** | **၁၉၀၀၂၈၂ .၃၄၈** | **၁၅၅၀၉၉၉.၉၉၄** | **၃၄၉၂၈၂ .၃၅၄** |
| ၁ | မတ်ပဲ | US$ | ၄၃၇.၉၇၄ | ၄၆၂.၀၇ | ၄၂၃.၅ | ၃၈.၅၇ |
| | | တန်ချိန် | ၅၉၆၆၅၇.၄၂၃ | ၅၉၉၉၈၃.၄၁ | ၅၇၈၀၆၈.၈၉၄ | ၂၁၉၁၄ .၅၁၆ |
| ၂ | ပဲတီစိမ်း | US$ | ၄၀၆.၃၀၆ | ၅၀၈.၉၅၅ | ၃၉၅.၉၃၄ | ၁၁၃ .၀၂၁ |
| | | တန်ချိန် | ၅၃၄၁၂၈.၁၅၇ | ၆၅၃၂၀၃.၂၂ | ၅၂၁၆၆၈.၉၄၈ | ၁၃၁၅၃၄.၂၇၂ |
| ၃ | ပဲစင်ငုံ | US$ | ၂၉.၉၉၆ | ၁၂၈.၁၈၃ | ၂၈.၃၄၂ | ၉၉.၈၄၁ |
| | | တန်ချိန် | ၅၃၃၇၆.၆၇၅ | ၁၉၁၉၆၃.၆၃၁ | ၅၀၄၅၈.၄၁၄ | ၁၄၁၅၀၅ .၂၁၇ |
| ၄ | ကုလားပဲ | US$ | ၁၃.၂၅၆ | ၁၅.၆၃၇ | ၉.၁၄၃ | ၆.၄၉၄ |
| | | တန်ချိန် | ၂၃၇၃၂.၁၅၅ | ၂၆၇၈၉.၉၃၆ | ၁၇၃၀၂.၈၃၃ | ၉၄၈၇.၁၀၃ |
| ၅ | ပဲလွန်းပြာ | US$ | ၂၅.၂၁၇ | ၂၇.၁၉၂ | ၂၄.၈၆၇ | ၂.၃၂၅ |
| | | တန်ချိန် | ၄၆၁၅၆.၇၉၉ | ၄၈၈၀၅.၃၂၁ | ၄၅၇၈၄.၄၉၉ | ၃၀၂၀.၈၂၂ |
| ၆ | မြေထောက်ပဲ | US$ | ၃၃.၂၀၂ | ၃၇.၅၀၇ | ၃၁.၆၅၂ | ၅.၈၅၅ |
| | | တန်ချိန် | ၄၄၆၀၀.၇၁၁ | ၅၂၉၆၉.၅၀၃ | ၄၂၄၄၈.၁၇၄ | ၁၀၅၂၁.၃၂၉ |
| ၇ | ထောပတ်ပဲ | US$ | ၃၅.၃၃၈ | ၂၅.၀၈ | ၃၄.၄၅၈ | -၉.၃၇၈ |
| | | တန်ချိန် | ၆၀၄၂၈.၇၃ | ၄၄၀၆၀.၉၇၈ | ၅၈၈၀၅.၆၉၄ | -၁၄၇၄၄.၇၁၆ |
| ၈ | ပဲယင်း | US$ | ၂၁.၀၈၅ | ၃၁.၅၇၉ | ၂၀.၅၀၇ | ၁၁.၀၇၂ |
| | | တန်ချိန် | ၃၉၆၀၉.၃၀၃ | ၅၉၁၂၈.၃၃၆ | ၃၈၄၆၃.၂၄၉ | ၂၀၆၆၅.၀၈၇ |
| ၉ | ပဲကြီး | US$ | ၇.၇၂၄ | ၁၁.၅၅၉ | ၇.၅၀၃ | ၄.၀၅၆ |
| | | တန်ချိန် | ၁၂၇၈၄.၁၃ | ၁၉၂၉၁.၉၅၈ | ၁၂၄၁၉ .၀၅၅ | ၆၈၇၂.၉၀၃ |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁၁ .၃၄၄ | ၁၁.၆ | ၁၀.၉၆၇ | ၀.၆၃၃ |
| | | တန်ချိန် | ၁၈၂၂၆.၆၆ | ၁၈၀၉၆.၁၃ | ၁၇၅၄၅.၉၅ | ၅၅၀.၁၈ |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၅.၁၂၈ | ၃.၉၉၈ | ၅.၀၅၂ | -၁.၀၅၄ |
| | | တန်ချိန် | ၉၀၇၆.၅၆ | ၄၈၃၄.၈၉၂ | ၈၉၈၀.၁၈၅ | -၄၁၄၅.၂၉၃ |
| ၁၂ | ပဲပုတ်စေ့ | US$ | ၆.၆၆၇ | ၃.၆၄၈ | ၆.၆၀၇ | -၂.၉၅၉ |
| | | တန်ချိန် | ၁၅၆၈၈.၇၃ | ၆၁၇၆.၁၅၈ | ၁၅၅၇၀.၂၈ | -၉၃၉၄.၁၂၂ |
| ၁၃ | ပဲနီကြား | US$ | ၈.၂၂၆ | ၄.၅၂၂ | ၈.၁၆၆ | -၃.၆၄၄ |
| | | တန်ချိန် | ၁၇၄၆၂.၇၀၅ | ၉၉၆၆.၅ | ၁၇၃၃၇.၄၅၅ | -၇၃၇၀.၉၅၅ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၄ | နိုင်လွန်ပဲ | US$ | ၅.၇၉၄ | ၂.၄၂၂ | ၅.၇၉၆ | -၃.၃၇၄ |
| | | တန်ချိန် | ၆၈၉၇.၆ | ၃၃၄၅.၈၂၅ | ၆၈၉၇.၆ | -၃၅၅၁.၇၇၅ |
| ၁၅ | မြေပဲဆံ | US$ | ၁၃၂.၈၂၁ | ၁၈၈.၂၇၉ | ၁၂၁.၅၂၆ | ၆၆.၇၅၃ |
| | | တန်ချိန် | ၁၀၀၁၂၈ .၇၉၆ | ၁၅၈၂၇၁.၀၁၅ | ၉၀၇၆၇.၃၈၈ | ၆၇၅၀၃.၆၂၇ |
| ၁၆ | အခြားပဲ | US$ | ၁၅.၇၂၉ | ၃.၉၈ | ၁၆.၉၃၂ | -၁၂.၉၅၂ |
| | | တန်ချိန် | ၂၇၄၀၆.၇၉၈ | ၃၃၉၅.၅၃၅ | ၂၈၄၈၁.၃၇၆ | -၂၅၀၈၅.၈၄၁ |




**ပုံ (၈)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း**

**ပုံ (၉)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်**

## နိဂုံး

၁၇။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု၊ လယ်ယာကဏ္ဍပို့ကုန်အခြေအနေ၊ ပဲမျိုးစုံအပါအဝင် အဓိကသီးနှံများ၏ တင်ပို့နိုင်မှု အခြေအနေတို့အား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**ဈေးကွက်သတင်းဌာနစိတ်**